# နိုင်ငံတော်၏ အကျိုးပြုလုပ်ငန်းများတွင် ဆန္ဒအလျောက် ကူညီပံ့ပိုးလိုသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားဟောင်းများအား ဖိတ်ခေါ်ခြင်း

၁။ ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများနှင့် မြန်မာနိုင်ငံသားအသိပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့် မိမိတို့တတ်သိကျွမ်းကျင်သည့် ပညာ၊ အတွေ့အကြုံတို့ဖြင့် နိုင်ငံတော်၏ အကျိုးပြုလုပ်ငန်းများတွင် မိမိဆန္ဒအလျောက် ပါဝင်ကူညီပံ့ပိုးအကျိုးပြုလိုပါက နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနသို့လည်းကောင်း၊ သက်ဆိုင်ရာ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး/ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှတစ်ဆင့် လည်းကောင်း လျှောက်ထားနိုင်ပါကြောင်းကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလက အသိပေးဖိတ်ခေါ် ခဲ့ပါသည်။

၂။ ထိုသို့ဆန္ဒပြုလျှောက်ထားရာတွင် ဆန္ဒပြုလျှောက်ထားသူများ ပိုမိုအဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရေးနှင့် လျှောက်ထားသူများအား စနစ်တကျစာရင်းပြုစု၍ သက်ဆိုင်ရာဝန်ကြီးဌာန များ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး လိုအပ်သည့်လုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်ရာ တွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ Webportal တစ်ရပ် သီးခြားရေးဆွဲထားပြီ ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ပနိုင်ငံအသီးသီးတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားဟောင်း များနှင့် မြန်မာနိုင်ငံသားအသိပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့် မိမိတို့ တတ်သိ ကျွမ်းကျင်သည့် ပညာ၊ အတွေ့အကြုံတို့ဖြင့် နိုင်ငံတော်၏အကျိုးပြုလုပ်ငန်းများတွင် မိမိဆန္ဒ အလျောက် ပါဝင်ကူညီပံ့ပိုး အကျိုးပြုလိုကြောင်း ဆန္ဒပြုလျှောက်ထားလိုသူများအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ Website link ဖြစ်သည့် https://www.mofa.gov.mm/volunteer-submit-form/သို့ တိုက်ရိုက် လျှောက်ထားနိုင်ပါကြောင်း ထပ်မံအသိပေးဖော်ပြအပ်ပါသည်။

၃။ နိုင်ငံတော်၏အကျိုးပြုလုပ်ငန်းများတွင် မိမိဆန္ဒအလျောက် ပါဝင်ကူညီပံ့ပိုးအကျိုးပြု လိုပါကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနသို့လည်း ကောင်း၊ သက်ဆိုင်ရာမြန်မာသံရုံး/ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး/ မြန်မာကောင်စစ် ဝန်ချုပ်ရုံးတို့မှတစ်ဆင့်လည်းကောင်း၊ ယခင်ကဆန္ဒပြုလျှောက်ထားသူများနှင့် စပ်လျဉ်း၍လည်း အချက်အလက်များစုစည်းပြီး ပါဝင်ကူညီဆောင်ရွက်ရန် ဆန္ဒပြုလျှောက်ထားသည့်နယ်ပယ်နှင့် ကဏ္ဍရပ်များအပေါ်မူတည်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့နောက် လုပ်ငန်းဆောင်ရွက်ပုံ လုပ်ထုံး လုပ်နည်း (Standard Operation Procedure-SOP)နှင့်အညီ လိုအပ်သည့်လုပ်ငန်းစဉ်များ ဆက်လက် ဆောင်ရွက်ပြီးချိန်တွင် အကြောင်းပြန်ကြားပေးမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြ အပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
ရက်စွဲ၊၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်

# နိုင်ငံတော်၏ အကျိုးပြုလုပ်ငန်းများတွင် ဆန္ဒအလျောက် ကူညီပံ့ပိုးလိုသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားဟောင်းများအား ဖိတ်ခေါ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ပြည်သူပြည်သားများ၏ စုပေါင်းအင်အားနှင့်အတူ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။ နိုင်ငံတော်တစ်ခုလုံး ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ကဏ္ဍပေါင်းစုံ၌ တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းပြည်ပရှိ လူ့စွမ်းအားအရင်းအမြစ်များအား အကျိုးရှိစွာ အသုံးချနိုင်မှုသည် လွန်စွာပဓာနကျပါသည်။

၂။ မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပြည်ပခရီးစဉ်များအတွင်း မြန်မာနိုင်ငံသား၊ မြန်မာနိုင်ငံသားဟောင်းများနှင့်တွေ့ဆုံရာ၌ နိုင်ငံတော်၏ အကျိုးပြုလုပ်ငန်းများတွင် မိမိတို့တတ်သိကျွမ်းကျင်သည့် ပညာ၊ အတွေ့အကြုံတို့ဖြင့် တတ်အားသမျှ ပါဝင်ကူညီပံ့ပိုးအကျိုးပြုနိုင်ရန်အတွက် ဖိတ်ခေါ်ခဲ့ပြီး၊ မြန်မာနိုင်ငံသား၊ မြန်မာနိုင်ငံသားဟောင်းများကလည်း ယင်းသို့ ပါဝင်အကျိုးပြုရန်အတွက် ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ကြပါသည်။

၃။ သို့ဖြစ်ရာ ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများနှင့် မြန်မာနိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့် မိမိတို့တတ်သိကျွမ်းကျင်သည့် ပညာ၊ အတွေ့အကြုံတို့ဖြင့် နိုင်ငံတော်အတွက် ပါဝင်ကူညီပံ့ပိုးအကျိုးပြုလိုပါက ပူးတွဲပါပုံစံတွင် ဖြည့်စွက်၍ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကူမင်းမြို့ (ဦးမင်းချမ်းမြေ့၊ တတိယအတွင်းဝန်၊ တယ်လီဖုန်းအမှတ် ၈၆ ၈၇၁ ၆၈၁ ၆၂၈၀၆၆၊ အီးမေးလ်လိပ်စာ- myanmarkunming.cg@gmail.com) ထံသို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကူမင်းမြို့
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၅ ရက်

## နိုင်ငံတော်၏ အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ကူညီပံ့ပိုးဆောင်ရွက်ရန် ဆန္ဒပြုမည့် ပြည်ပရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားဟောင်းများ ဖြည့်စွက်ရမည့်ပုံစံ

## (ကိုယ်ရေးမှတ်တမ်း)

ဓါတ်ပုံ

၁။ အမည် ------------------------------

၂။ အခြားအမည် ------------------------------

၃။ မွေးသက္ကရာဇ် ------------------------------

၄။ မွေးဖွားရာဇာတိ ------------------------------

၅။ လက်ရှိနိုင်ငံသား ------------------------------

၆။ လူမျိုး ------------------------------

၇။ လက်ရှိကိုင်ဆောင်ထားသည့် နိုင်ငံကူးလက်မှတ်အမှတ် ------------------------------

၈။ လက်ရှိအလုပ်အကိုင်/ ဌာန ------------------------------

------------------------------

------------------------------

၉။ လေ့လာသင်ယူခဲ့သည့်ပညာရပ်များဘွဲ့များ/ တက္ကသိုလ် ------------------------------

------------------------------

------------------------------

၁၀။ ကျွမ်းကျင်သည့်နယ်ပယ်/ တတ်ကျွမ်းသည့် အခန်းကဏ္ဍ ------------------------------

------------------------------

၁၁။ ပါဝင်အကျိုးပြုလိုသည့် အခန်းကဏ္ဍ ------------------------------

------------------------------

၁၂။ ပါဝင်ကူညီနိုင်သည့်ကာလ နှင့်နေရာ(ပြည်တွင်း/ ပြည်ပ) ------------------------------

------------------------------

၁၃။ ဖခင်အမည်နှင့် အလုပ်အကိုင် ------------------------------

------------------------------

၁၄။ မိခင်အမည်နှင့်အလုပ်အကိုင် ------------------------------

------------------------------

၁၅။ အခြားဖြည့်စွက်လိုသည့် အချက်အလက်များ/ အကြံပြုရန် အချက်များ (စာမျက်နှာ မလုံလောက်ပါက သီးခြားစာရွက်ဖြင့် ပူးတွဲ ဖြည့်စွက်နိုင်ပါသည်။) ----------------------------------------

----------------------------------------

----------------------------------------

----------------------------------------

----------------------------------------

----------------------------------------

လျှောက်ထားသူ

လက်မှတ် ____________________

အမည် ____________________

ဖုန်းနံပါတ် ____________________

အီးမေးလ်လိပ်စာ ____________________